ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး
All Arakan Students' & Youths' Congress
P.O.Box-178, Mae Sod, Tak-63110, Thailand. Email: aasyc.ghq@gmail.com

## (၆၁) နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ်
## ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့်လူငယ်များ အစည်းအရုံး၏ သဘောထားထုတ်ပြန်ကြေငြာချက်။

နေ့စွဲ – ၂၀၀၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၂) ရက်
စာအမှတ် – ရ၊က၊လ၊စ/ဗဟို/ထုတ်ပြန်/၀၁/၀၈

မြန်မာနိုင်ငံသည် အင်္ဂလိပ်ကိုလိုနီလက်အောက်မှ လွတ်မြောက်ခဲ့သည်မှာ နှစ်ပေါင်း (၆၁) နှစ် ပြည့်ခဲ့ပြီဖြစ်သည်။ ထိုကဲ့သို့ လွတ်လပ်ရေးရယူရန်အတွက် ရှမ်းပြည်နယ် ပင်လုံမြို့တွင် တိုင်းရင်းသားခေါင်းဆောင်အသီးသီး သဘောတူ လက်မှတ်ရေးထိုးခဲ့သော **"တိုင်းရင်းသားအားလုံး တန်းတူရည်တူရှိစေမည့် စစ်မှန်သောဖက်ဒရယ် ပြည်ထောင်စုတည်ဆောက်ရန်"** ဆိုသည့် သဘောတူညီချက်မှုကို ချမှတ်ခဲ့ကြသည်။ သို့သော် မဟာလူမျိုးကြီးဝါဒီတို့ကြောင့် တိုင်းရင်းသားများသည် ကျွန်ပုန်းကိုလိုနီ ဖြစ်လျက် ရှိနေပြီး ပြည်တွင်း စစ်မီးမှာလည်း ယနေ့ထိတိုင် လောင်ကျွမ်းလျက်ရှိပေသည်။

တိုင်းရင်းသားအသီးသီးတို့သည် လူမျိုးကြီးဝါဒီ စစ်အာဏာရှင်စနစ် အပြီးတိုင်ဖျက်သိမ်းရေးနှင့် တိုင်းရင်းသားအားလုံး တန်းတူရည်တူရှိစေမည့် စစ်မှန်သောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရေးတို့အတွက် တိုက်ပွဲဝင်လျက်ရှိနေပေသည်။ ထိုနည်းတူစွာ "နအဖ" စစ်အာဏာရှင်တို့သည် တိုင်းရင်းသားအချင်းချင်းကြား စည်းလုံးညီညွတ်မှုပြိုကွဲစေရန် နည်းမျိုးစုံသုံးလျက် ၎င်းတို့၏အာဏာ အဓွန့်ရှည်တည်တံ့ရေးအတွက် ကြိုးစားအားထုတ်လျက်ရှိပေသည်။ စစ်အာဏာရှင်တို့သည်(၁၉၉၀)ရွေးကောက်ပွဲရလဒ်အားလည်းကောင်း၊ တိုင်းရင်းသားပြည်သူများ၏ "ရွှေဝါရောင် တော်လှန်ရေး" ကဲ့သို့သော လူထုဆန္ဒမှန် ဖေါ်ထုတ်မှုများအားလည်းကောင်း လစ်လျူရှုလျက် ပြည်ထောင်စုအမည်ခံ စစ်အာဏာရှင်စနစ် တရားဝင် ရပ်တည်နိုင်ရေး၊ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးအား တရားဝင်စစ်ကျွန်ပြုနိုင်ရေးတို့အတွက် ၎င်းတို့စိတ်ကြိုက်ရွေးချယ် ခန့်အပ်ထားသာလူတစုဖြင့် ဖွဲ့စည်းရေးဆွဲလျက်ရှိသော ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားပြည်သူလူထု တရပ်လုံးအား အတင်းအဓမ္မထောက်ခံခိုင်းပြီး ရေးဆွဲလျက်ရှိပေသည်။

ယခုအချိန်တွင် "နအဖ" ၏ စစ်ကျွန်ပြုရေးလုပ်ငန်းစဉ် လမ်းပြမြေပုံ (၇) ရပ်အနက် အဆင့်သုံးဆင့်အား ဖြတ်သန်းနေပြီဖြစ်သည်။ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံး၏ အနာဂတ်သည်လည်း အရေးကြီးဆုံးသောအချိန်သို့ ရောက်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် ကျွန်ုပ်တို့ ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ) မှ (၆၁) နှစ်မြောက် ပြည်ထောင်စုအထိမ်းအမှတ်နေ့၌ တိုင်းရင်းသား ပြည်သူလူထုတရပ်လုံးအား အောက်ပါအတိုင်း တိုက်တွန်းနှိုးဆော်အပ်ပေသည်။

(က) စစ်အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲရေးလုပ်ငန်းစဉ်အပါအဝင် လမ်းပြမြေပုံ (၇)ရပ်အား အဆင့်တိုင်းတွင် ဆန့်ကျင်တိုက်ဖျက်ကြ
(ခ) တိုင်းရင်းသားအားလုံး တန်းတူအခွင့်အရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အပြည့်အဝရရှိရေးအတွက် ဆက်လက်တိုက်ပွဲဝင်ကြ

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ရခိုင်ပြည်လုံးဆိုင်ရာ ကျောင်းသားနှင့် လူငယ်များ အစည်းအရုံး (ရ၊ က၊ လ၊ စ)
ဗဟိုဌါနချုပ်၊ ထိုင်း–မြန်မာနယ်စပ်

ဆက်သွယ်ရန်
ရဲဘော် ထွန်းဇော်
တွဲဖက်အတွင်းရေးမှူး (၁)
ဖုန်း – + 66 (0) 816 808 934

ရဲဘော်ကျော်မြင့်
တွဲဖက်အတွင်းရေးမှူး (၂)
ဖုန်း – +88 01817078133